
**(၃) ဖါးဥမှုံရောဂါ (Powdery mildew)**

**ရောဂါဖြစ်စေသောသက်ရှိ -** ***Oidium heveae*** **Steinm**

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင် အဖြူရောင် ဝါဂွမ်းစုသဏ္ဍာန် (သို့မဟုတ်) ပေါင်ဒါမှုန့်များ ဖြူးထားသကဲ့သို့ ရောဂါကွက်များကို မြင်တွေ့ရသည်။ နောက်ပိုင်းတွင် ရောဂါကွက် များမှာ တစ်ရှူးသေကွက်များ ဖြစ်သွားသည်။ အပွင့်နှင့်အသီးများတွင် ရောဂါကျပါက ကြွေကျသည်။ ရော်ဘာပင် များသည် ဆောင်းရာသီ (သို့မဟုတ်) ရွက်နုထွက်သော ရာသီတို့တွင် ဖားဥမှုံရောဂါ ပိုမိုပြင်းထန်သည်။






ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ပင်ကြွင်းပင်ကျန်များကိုမီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါက Sulfur ပါဝင်သောဆေး၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊

Kresoxim Methyl (ကရီဆိုဇင်မ်မီသိုင်း) စသောမှိုသတ်ဆေးများဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်း နိုင်ပါသည်။